# Press Release

## U.S. EMBASSY RANGOON

1 1 0 U n i v e r s i t y A v e n u e , K a m a y u t T o w n s h i p , R a n g o o n , B u r m a

အမေရိကန်နိုင်ငံခြားရေးဌာန
ရန်ကုန်သံရုံး

---

ချက်ချင်းထုတ်ပြန်ရန် ဇန်နဝါရီ ၂၄၊ ၂၀၁၃
၂၀၁၃/၁

### ရန်ကုန်သံရုံး ပြောခွင့်ရပုဂ္ဂိုလ်၏ ထုတ်ပြန်ချက်

**မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း**

မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းအတွက် အမေရိကန်ပြည်ထောင်စုက အလွန်ပင် စိုးရိမ်ပူပန်နေပါသည်။ မြန်မာအစိုးရ၏ ကြေညာချက်အရ ဇန်နဝါရီ ၁၉ မှစ၍ အပစ်အခတ်ရပ်စဲထားပြီ ဆိုစေကာမူ မြန်မာ့တပ်မတော်သည် ကချင်လွတ်မြောက်ရေးတပ်မတော်ဌာနချုပ်တည်ရှိရာ လိုင်ဇာအနီးဝန်းကျင်ကို ဆက်လက်၍ စစ်ရေးအရ ထိုးစစ်ဆင်နေကြောင်း မီဒီယာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သတင်းများက ဖော်ပြနေပါသည်။ အရပ်သားများ ထိခိုက်သေကျေစေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အားယုတ်စေသော တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကို အမေရိကန်ပြည်ထောင်စုက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ပါသည်။ ထိုဒေသရှိ အရပ်သားများ၏ ဘေးကင်းလုံခြုံရေးကိုလည်း အမေရိကန်ပြည်ထောင်စုက များစွာစိုးရိမ်ပူပန်ပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသော အကူအညီပေးရေးအေဂျင်စီများ၏ အကူအညီ လိုအပ်နေသောနေရာများသို့ မြန်မာအစိုးရက အတားအဆီးမရှိ ဝင်ခွင့်ပြုပါရန်လည်း ဆက်လက်၍ တိုက်တွန်းအပ်ပါသည်။ ကချင်ပြည်နယ်တွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရန်အလို့ငှာ တွေ့ဆုံဆွေးနွေးရေး အခြေအနေတစ်ရပ်ဖန်တီးရန်အတွက် လိုအပ်သမျှကို ဆောင်ရွက်ကြပါရန် အမေရိကန်ပြည်ထောင်စုက နှစ်ဖက်စလုံးကို တိုက်တွန်းလိုက်ပါသည်။

###